လှည်းလမ်းကူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လှည်းလမ်းကူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

လှည်းလမ်းကူး ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ကျိုက်ထိုမြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၃

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၅

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၂

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေး သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက် ၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

လှည်းလမ်းကူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်ထိုမြို့နယ်



ရည်ညွှန်း- လှည်းလမ်းကူးကျေးရွာအရင်းအမြစ်ပြမြေပုံ - လှည်းလမ်းကူးကျေးရွာ၊ ဘိုကွားကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ် တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၆-၁၈ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေး ဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး နှင့် ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်ငင်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင် မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များ နှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များ နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

(၈) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်း များချမှတ်ခဲ့ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်း များကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှု ကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက် အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ် မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။။ လှည်းလမ်းကူးကျေးရွာ သည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၏အနောက်ဘက်(၆)မိုင်အကွာ ရန်ကုန်မြို့နှင့် (၁၀၆)မိုင်၊ အကွာတွင် တည်ရှိပါသည်။ ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး(၁၀)နှစ် ပျမ်းမျှမိုးရွာရက် (၁၃၃) ရက်၊ (၁၇၅.၄၆) လက်မ ရွာသွန်းပါသည်။ ပျမ်းမျှ မိုးရွာသွန်းသည့်ရက်နှင့်မိုးရွာသွန်းမှုသည် တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်း လျော့နည်းလာသည် ကို တွေ့ရှိရပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။။။ ရွှေတချောင်းချောင်းမှ ကျောက်၊သဲများကို အများအပြား ရရှိ နိုင်ပါသည်။ တောင်ထန်းပင်များ ပေါက်ရောက်လျှက်ရှိပါသည်။ရေကိုအလွယ်တကူတူးဖော်ရရှိနိုင်ပါ သည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး ဗမာ အနည်းငယ်ရှိပါသည်။ လှည်းလမ်းကူးကျေးရွာတွင် အိမ်ထောင်စု(၈၆)စုရှိပြီး လူဦးရေ(၃၈၄)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေသည် ၆၂%ရှိပြီး ၃၈%သည် မှီခိုသူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက် အနည်းငယ်လျော့နည်းပြီး အမျိုးသမီးများသည် အမျိုးသားများ နည်းတူ အလုပ်လုပ် ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာရှိအိမ်ထောင်စု၏ သုံးပုံ နှစ်ပုံမှာ ကွမ်းခူး၊ သဲထမ်း၊ ခြံရှင်း၊ တောင်ထန်းမိုးပြုလုပ်ခြင်း၊ ဖျာယက်စသည့် ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ စိုက်ပျိုးရေး အဓိကလုပ်ကိုင်သော အိမ်ထောင်စုမှာ(၁၉) စုသာ ရှိပြီး ကျန်အိမ်ထောင်အများစုသည် စိုက်ပျိုးရေးလုပ်ငန်း နှင့် ကျပန်းလုပ်ငန်းများကို တွဲဖက်၍ အသက်မွေး:ဝမ်းကြောင်းပြုကြရပါသည်။ ကျပန်းမိသားစုများသည် တစ်နေ့ ပျမ်းမျှဝင်ငွေ အမျိုးသား ၃၀၀၀ ကျပ်မှ ၃၅၀၀ကျပ် နှင့် အမျိုးသမီး ၂၅၀၀ မှ ၃၀၀၀ကျပ် ရရှိကြပါသည်။ သဲကျင်းများတွင် မိမိလုပ်နိုင်သည့် အခြေအနေပေါ်မူတည်၍ ၅၀၀၀ ကျပ်မှ ၁၀၀၀၀ကျပ်ထိ ရရှိကြပါသည်။

ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် အိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့် ခွဲခြားရာတွင် ဆင်းရဲသော အိမ်ထောင်စု(၅၈)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟုသတ်မှတ်ကြပါသည်။ ဥစ္စာဓန သတ်မှတ်ခြင်းကို နောက်ဆက်တွဲ(၁)၊ ဇယား(၅) တွင် ဖတ်ရှုနိုင်ပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကိုဖော်ပြပါသည်။ ကျေးရွာ၏၂၄%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့်အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၇၇%သည် ၂.၅ဧကအောက် ပိုင်ဆိုင်ကြ၍ ဆင်းရဲ၊ အလယ်အလတ် နှင့် အစဉ်ပြေသောသူများဖြစ်ပြီး ၁၅%သည် ၂.၅ဧကကြားပိုင်ဆိုင်ကြပြီး ပြည့်စုံသောသူများဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စု(၅၀)ရှိသည်အနက် (၃၆) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၇) အိမ်ထောင်စု သည် ၃လ နှင့် ၅လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၇) အိမ်ထောင်စုသည် အနည်းဆုံး ၆လစာ သိုလှောင်ထားနိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး (၃၀၀၀၀)မှ (၁၀)သိန်းထိ ချေးငှားကြရပါသည်။ ကျန်သော အချိန်များတွင် မိသားစုများသည် တချို့မှာဆွေမျိုးများ၏ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုတင် ရောင်း၍သော်လည်းကောင်း၊စပါးဘဏ်မှစပါးကိုချေးယူ၍ သော်လည်းကောင်းဝမ်းစာဖြည့်တင်းကြရပါသည်။

မိုးတွင်းကာလတွင် ချောင်းရေကြီးခြင်းနှင့်ရိုးချောင်းရေလျှံတက်မှုများကြောင့် ကျေးရွာ၏အနိမ့်ပိုင်း များရေကြီးမှုနှင့်ကြုံတွေ့ရသဖြင့် အနိမ့်ပိုင်းနေထိုင်သူမိသားစုများထိခိုက်လွယ်မှု မြင့်မားပါသည်။ ရွှေတချောင်းချောင်းအတွင်းသဲစုပ်ယူ၍ ရောင်းချခြင်းများကို လုပ်ကိုင်နေခြင်းကြောင့် ကမ်းပါးပြိုမှုအန္တရာယ်ရှိပါသည်။ လူငယ်အနည်းစုသည် ထိုင်းနှင့်နယ်စပ်များတွင် သွားရောက်လုပ်ကိုင်မှုများရှိနေပါသဖြင့် ကူးစက်ရောဂါများရရှိနိုင်သကဲ့သို့ မူးယစ်ဆေးစွဲနိုင်မှု အန္တရာယ်များရှိခြင်း။ အခြားနိုင်ငံသို့သွားရောက်လုပ်ကိုင်သူများရှိသည့်အတွက် လူကုန်ကူးမှုများနှင့်ကြုံတွေ့ရနိုင်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျေးရွာတွင် ကျန်းမာရေးအနေဖြင့် ရောဂါဖြစ်ပွားမှုအား သတ်သတ်မှတ်မှတ် မပြောနိုင်ပါ။ ကြီးကြီး:မားမားရောဂါဖြင့် သေဆုံးသူဦးရေ နည်းပါးပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၆.၁%သည် စာတတ်မြောက်မှုမရှိကြပါ။ ၁၃.၁%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်း ပညာပြီးဆုံးသူ ၂၁.၆%၊ အလယ်တန်းပညာပြီးဆုံးသူ ၆.၈%၊ အထက်တန်းပညာ ပြီ:ဆုံး သူ ၂.၄% နှင့် ဘွဲ့ရရှိသူ ၁.၄% ရှိပါသည်။ ယခုအခါ အသက် (၅-၉)နှစ် အတွင်း လူဦးရေ (၄၅)ဦးရှိပြီ: မူလတန်းပညာ တက်ရောက်နေသူ(၅၅)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၂၂.၂% ရှိသဖြင့် ကလေးများ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်း အဆင့်တွင်ပင် ရှိနေခြင်း၊ အသက်(၁၀-၁၄)နှစ်အတွင်း လူဦးရေ(၄၂)ဦးရှိသော်လည်း တက်ရောက် နေသူ(၂၄)ဦး၊ ရာခိုင်နှုန်း အားဖြင့် ၅၇.၁%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်း အဆင့်တွင်ပင်ရှိနေ ကြပါသည်။

ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ စက်မှုလယ်ယာ၊ တပ်မတော်များ၌ တာဝန်ထမ်းဆောင် နေသော ဝန်ထမ်း(၁၀)ဦးရှိပြီ: တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် ဝါးကုလားထိုင်ပြုလုပ်ခြင်း၊ တောင်ထန်း ဖျာ ယက်ခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ စက်ဘီ၊ဆိုင်ကယ် စက်ပြင်ခြင်း နှင့် လှည်းရည်ဆိုင် တို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ လှည်းလမ်းကူးကျေးရွာတွင် တစ်ရက်လျှင် အမျိုးသား တစ်ဦး အလုပ်လုပ်ခ (၃၀၀၀-၁၀၀၀၀)ကျပ် နှင့် အမျိုးသမီး တစ်ဦးလျှင် (၂၅၀၀- ၃၀၀၀)ကျပ် ရရှိပါသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်သ ူဦးရေ ပိုမိုများပြားသည်။ ဘွဲ့ရရှိသူများတွင် အမျိုးသမီးများသာ ဘွဲ့ရကြပါသည်။ စာမတတ်သူ ဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ ကျေးရွာ ၏ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ကြပါသည်။ ငွေစု၊ ငွေချေးခြင်းစသော စီးပွားရေး လုပ်ငန်းများတွင် အမျိုးသမီးများဦးဆောင်၍ လုပ်ဆောင်လျက် ရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။လှည်းလမ်းကူးကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် အားကောင်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ အဖွဲ့များသည် ကဏ္ဍ အလိုက်၊ အဖွဲ့အလိုက် လုပ်ဆောင်မှုကောင်းများရှိသော်လည်း အဖွဲ့အစည်းအချင်းချင်းကြားတွင် ချိတ် ဆက်ခြင်း၊ ညှိနိုင်းဆောင်ရွက်ခြင်းများ အားနည်းပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက် ပိုမိုလုပ်ဆောင်အောင်မြင်နိုင်ရန် လူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေး ကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အထောက်အကူပြုကော်မတီများ၊ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောအဖွဲ့အစည်းများအား ဖွံ့ဖြိုးရေးသဘောတရားများ စသောသင်တန်းများ ချိတ်ဆက် ရယူလုပ်ဆောင်ရန်လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် လယ် ၉၊ ဥယျာဉ်ခြံ ၁၁၅ နှင့် ရော်ဘာ ၃၁ ဧက ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး ကွမ်းကို ဝင်ငွေစဉ်ဆက် မပြတ်ရရှိသော သီးနှံ အဖြစ် စိုက်ပျိုးပြီးနှင့် ရော်ဘာကို နှစ်ရှည်စိုက်ပျိုးကြပါသည်။

ရော်ဘာစိုက်ပျိုးခြင်းမှ ဝင်ငွေတိုးတက်ရရှိစေရန် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း နှင့် ချိတ်ဆက်၍ မျိုးကောင်းသည့် ရော်ဘာပျိုးပင်များစိုက်ပျိုးခြင်း နှင့် ဈေးကွက်ချိတ်ဆက်ခြင်းတို့ကို လုပ်ဆောင်ကြပါသည်။

လှည်းလမ်းကူးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူမရှိပါ။ နွား၊ ကျွဲ၊ ကြက်၊ ဝက် စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် အနည်းငယ်မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာရှိမိသားစုများသည် ဝါကုလားထိုင်ပြုလုပ်ခြင်း၊ တောင်ထန်းဖျာယက်ခြင်း၊ ပန်းရံ/လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ ဆံပင်ညှပ်၊ လှည်းရည်ဆိုင်စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ဝါးကုလားထိုင်လုပ်ငန်းသည် တနိုင်တပိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်နိုင်သော လုပ်ငန်းလည်းဖြစ်ပါသည်။ တည်ငြိမ်သော ဈေးကွက်ရှိပြီး အခြားဒေသများသို့လည်း တင်ပို့ရောင်းချမှုများ ရှိပါသည်။ ကုန်ကြမ်းဖြစ်သော ဝါးများကို ကျေးရွာတွင်ရရှိသည့်အပြင် ကျေးရွာသူ/ရွာသားများသည် ဝါးများကို ပြန်လည်စိုက်ပျိုးကြပါသည်။ ယင်းလုပ်ငန်းသည် အမျိုးသမီးများအနေဖြင့် အိုးမကွာ၊ အိမ်မကွာ လုပ်ကိုင်နိုင်သောလုပ်ငန်းဖြစ်ပြီး မိသားစုလုပ်အားဖြင့်လည်း လုပ်ဆောင်နိုင်သော လုပ်ငန်းလည်းဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဓာတုမြေဩဇာ/ပိုးသတ်ဆေးများ စနစ်တကျမသုံးစွဲနိုင်ခြင်း၊ အမှိုက်များ၊ ပလပ်စတစ်များ အလွယ်တကူစွန့်ပစ်ကြခြင်း၊ ပွင့်လင်းရာသီများတွင် အလွယ်တကူမီးရှို့ခြင်းတို့သည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါသည်။ ရွှေတချောင်းချောင်းအတွင်းတွင် သဲစုတ်စက်များ ခွင့်ပြုထားခြင်းအားဖြင့် ချောင်းကမ်းနံဘေးနံရံများ တိုက်စားခြင်းများ ဖြစ်ပေါ်နေပါသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာ အတွင်း ရွာသူရွာသားများသည် သမဝါယမအသင်း၊ အမျိုးသမီးများဖြင့်ဖွဲ့စည်းထားသော ကိုယ့်အားကိုယ် ကိုးအဖွဲ့များမှ ချေးငွေရရှိနိုင်ပြီ: မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)ရှိ လယ်တစ်ဧကလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ဧက၊ ယာတစ်ဧကလျှင် ၂၀၀၀၀/ကျပ် ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ ထို့ပြင် မြစိမ်းရောင်စီမံကိန်းမှ ချေးငွေ သိန်း(၃၀၀) ပံ့ပိုးမှု ရရှိမည် ဖြစ်ပါသည်။ ထို့ပြင် ပစ္စည်းအပေါင်ထား၍ ချေးယူရပါနိုင်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ကျေးရွာ၏**ပညာရေးကဏ္ဍ** တွင် မူလတန်းကျောင်းတည်ရှိပြီး တပည့်၊ဆရာအချိုး (၁၁:၁)ဖြင့် သင်ကြားလျှက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်ပညာသင်နှစ်တွင် ကျောင်းထွက်သူ(၁)ဦးသာရှိခဲ့ပြီး စတုတ္ထတန်းတွင်ကျရှုံးသူ တစ်ဦးမျှ မရှိခဲ့ပါ။ ကျောင်းသူ/ကျောင်းသားများ အလယ်တန်း၊ အထက်တန်းပညာကို လက်လှမ်းမှီရန် ကျောင်းကြိုပို့ကားများထားရှိပါသည်။ တစ်ချို့သောကျောင်းကားခမတတ်နိုင်သည့် ကလေးများသည် ရွာမှ(၄) ကီလိုမီတာ အကွာတွင်ရှိသော ဆောင်လှိုင်ဂွကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးတွင် အလယ်တန်း

ပညာကို ဆက်လက်သင်ကြားလျက် ရှိကြပါသည်။ ကျောင်းအရွယ်အစားမှာ (အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေ)ရှိပြီး ၂၀၂၀၀၅ ခုနှစ်တွင် ယူအင်ဒီပီ စီမံကိန်းမှ ဆောက်လုပ်ပေး ခဲ့ပါသည်။

ရွာတွင် လက်ရှိအရပ်လက်သည်(၂)ဦး နှင့် ကျန်းမာရေးလုပ်သား(၁)ဦးရှိပါသည်။ အရပ်လက်သည် သည် စနစ်တကျသင်တန်းတတ်ရောက်ခြင်းမရှိသော်လည်း ဘိုကွာကျေးလက်ကျန်းမာရေးဆေးပေးခန်း မှ သားဖွားဆရာမနှင့် လက်တွဲ၍ ကလေးမီးဖွားပေးသည့်အတွက် ကျွမ်းကျင်မှုရှိပါသည်။ အခြား သောရောဂါများနှင့် မီးဖွားရန်အတွက် (၂)ကီလိုမီတာအကွာရှိ ဘိုကွာကျေးရွာ ကျန်းမာရေး ဆေးခန်းသို့ သွားရောက်ပြသကြပါသည်။ ပြင်းထန်ရောဂါများအတွက် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ ကုသရပါသည်။ သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် ဆေးရုံအုပ် (၁)ဦး၊ လက်ထောက်(၁)ဦး၊ အထက် တန်းသူနာပြု(၂)ဦး၊ သူနာပြု (၂)ဦး နှင့် အလုပ်သမား (၄)ဦးခန့်ရှိပါသည်။ နိပွန်ဖောင်ဒေးရှင်း နယ်လှည့်ဆေးကုသရေး အသင်းသည် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ (၃)လတစ်ကြိမ် ကွင်းဆင်းပြီး လူနာများကို အခမဲ့ ဆေးကုသပေးခဲ့ပါသည်။

ကျေးရွာတွင် ရေတွင်း ဖဖတွင်းရှိပြီး ယင်းရေတွင်းများမှ မိသားစုများ သောက်သုံးရေ လုံလောက်စွာရှိပါသည်။ သို့သော် ယခုနှစ်တွင် ရေတွင်း(၂)တွင်း နွေရာသီ၌ ရေခမ်းခြောက်သွား ခဲ့ပါသည်။ ကျေးရွာတွင် တောထိုင်သည့်အိမ်ထောင်စု(၉)ဦးရှိပါသည်။ တောထိုင်ခြင်း ဖြင့် ကူးစက် ရောဂါများပြန့်ပွားနိုင်ကြောင်းကို အသိပညာပေးခြင်း၊ စည်းရုံးဆော်သြခြင်းနှင့်အိမ်သာ ဆောက်လုပ် နိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် ကျေးရွာရှိ အိမ်ထောင်စု အားလုံး ယင်လုံ အိမ်သာများသုံးစွဲလာစေရန် ဖြစ်ပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။ကျေးရွာတွင်းတွင် နှစ်စဉ်ခြင်းခတ်ပြိုင်ပွဲများ ကျင်းပလျက် ရှိပါသည်။ လူငယ်များသည် ကျေးရွာကျောင်းသား/သူစုံညီပွဲများတွင် ပါဝင်ကူညီပေးခြင်း၊ ကျေးရွာ တွင်း လမ်းများပြုလုပ်ရာတွင် လုပ်အားအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ခြင်း၊ ဘုံကထိန်ပွဲ၊ ဘုရားပွဲ အစရှိသည်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ပြုလုပ်ကြပါသည်။ ကျေးရွာအတွင်းတွင် ရွာပိုင်ဘောလုံး အားကစားကွင်း မရှိသည့်အတွက် ရွာတွင်းမှ ရွာသားတစ်ဦး၏ခြံအား အသုံးပြုနေကြရပါသည်။ ကျေးရွာတွင် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ကရင်စာပေအဖွဲ့အားလည်း ဖွဲ့စည်းထားရှိ ပါသည်။ သူငယ်တန်းမှအပ ပထမတန်းမှ စတုတ္ထတန်းနှင့် ကျေးရွာအတွင်းရှိ ကျေးရွာသူ/ သားများအား ရုံးသုံးစာပေဖြစ်သည့် **လေဝါးဖိုးစာပေ**အား ကရင်စာပေတတ်ကျွမ်းသည့် ဆရာမမှ သင်ကြား ပေးနေပါသည်။ ကျေးရွာတွင်တိုးတက်အောင်စာကြည့်တိုက် တစ်ခုထားရှိပါသည်။ ကော်မတီတွင် ရန်ပုံငွေတစ်ရပ်ထူထောင်ထားပြီး ယင်းရန်ပုံငွေအားထုတ်ချေးပြီး ရလာသော အတိုးငွေမှ ငွေကျပ် တစ်လ (၆၀၀၀၀)ကျပ်ဖြင့် စာကြည့်တိုက်မှူး (၁) ဦးအား ခန့်အပ်ထားပါသည်။ စာကြည့်တိုက် အတွင်းတွင် ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်းအစရှိသည့် စာအုပ်များ ထားရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်မွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)

ကျေးရွာမှ ရန်ကုန်– မော်လမြိုင် အမြန်လမ်းမသို့ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ကားဖြင့် တစ်နှစ်ပတ် လုံး သွားလာနိုင်ပါသည်။

သတင်းအချက်အလက်များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများဆုံးအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်းတွင် Telenorကို အဓိက ထားသုံးစွဲကြပြီး Ooredooအားအနည်းငယ်သာ အသုံးပြုကြပါသည်။ Telenor တာဝါတိုင်သည်

ကားလမ်းနံဘေးကျေးရွာထိပ်တွင် စိုက်ထူထားပါသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း သတင်း အချက်အလက်များကို လက်လှမ်းမီကြပါသည်။

၂၀၁၆ခုနှစ် မြို့နယ်စီမံချက်တွင် ကျေးရွာမှ(၂)ကီလိုမီတာအကွာရှိ ဘိုကွန်းကျေးရွာသို့ မဟာဓါတ် အားလိုင်း မှ လျှပ်စစ်မီ: ကြိုးသွယ်တန်းခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ အကူအညီဖြင့် လုပ်ဆောင် မည်ဖြစ်ပါသည်။ ယင်းမှတဆင့် မိမိတို့ကျေးရွာသို့ လျှပ်စစ်မီးသွယ်ခြင်း လုပ်ငန်းကို လုပ်ဆောင်ရန် အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

ကျေးရွာတွင်းတွင် အင်တာနက်ဝန်ဆောင်မှုအနေဖြင့် Facebook သုံးစွဲသူ အနည်းငယ်သာ ရှိပါသည်။ လူငယ်များအနေဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိရန် အင်တာနက် သတင်းများကို ကောင်းမွန်စွာအသုံးမချနိုင်ခြင်း၊ မီးမရရှိခြင်း၊တို့သည် လူငယ်များ သင်ယူလေ့လာခွင့် များကို ဟန့်တားထားပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ သတင်း အချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားများမှရရှိနိုင်ပါသည်။ ကျေးရွာတွင် ဖယောင်းတိုင်မီးကို သုံးစွဲပြီးဆိုလာသုံးစွဲသူ (၆)ဦး နှင့် မီးစက် သုံးစွဲသူ (၇)ဦးရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာတွင်း ရံဖန်ရံခါရန်ဖြစ်သည်မှလွဲ၍ အခြားမှုခင်းကြီးများမရှိပေ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

လှည်းလမ်းကူးကျေးရွာတွင် ကျေးရွာလူဦးရေ၏(၆၂)%၊ အထက်တန်းပညာတက်ရောက် သင်ကြား နေသူ(၁၂)ဦး၊ တက္ကသိုလ်တက်ရောက်နေသူ(၇)ဦး၊ တက္ကသိုလ်ဘွဲ့ရ(၄)ဦး ရှိပါသည်။ တက္ကသိုလ်ဘွဲ့ ရပြီးသူများသည် ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကာကွယ်ရေးဌာနများတွင် တာဝန်ထမ်းဆောင် နေခြင်းတို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါ သည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်လုပ်ပေးနိုင်သူများရှိခြင်း၊ ငွေကြေးဆိုင်ရာ စာရင်းဇယားများ စနစ်တကျလုပ်ဆောင်နိုင်သောရွာသူ/သားများရှိခြင်းသည် ကျေးရွာအဖွဲ့ အစည်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေအနေကောင်းများ ဖြစ်ပါသည်။

ကျေးရွာသည် ရန်ကုန်၊ မော်လမြိုင် ကားလမ်းမနှင့် (၂)မိုင်အတွင်းတည်ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ထို့ပြင် ရှေးဟောင်း သမိုင်းဝင် စေတီပုထိုးများသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင် နိုင်သဖြင့် လူငယ်များအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းကောင်းများ ရရှိလာနိုင်ပါသည်။ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးစသည့် များပြားလှသော အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ကျေးရွာ၏ ရေမြေရာသီဥတုသည် ရော်ဘာပင်စိုက်ပျိုးရန် သင့်တော်ခြင်း၊ ရော်ဘာမျိုးကောင်းမျိုးသန့် များ ကို အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ခြင်း၊ ထွက်ရှိလာသော ရော်ဘာစေးများကို ရောင်းချနိုင်သော စျေးကွက်ရှိခြင်း၊ ရော်ဘာစိုက်ပျိုးရန် နည်းပညာနှင့်ချေးငွေလိုအပ်ချက်များကို ကူညီပံ့ပိုးပေးနိုင်သော ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတည်ရှိခြင်းတို့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်း ကောင်း များ ဖြစ်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် မျိုးကောင်းမျိုးသန့်များ နှင့် စိုက်ပျိုးရေး သွင်းအားစုများ ကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ထွက်ရှိလာသောသီးနှံများအားရောင်းချရန် စျေးကွက်ရှိခြင်းတို့ သည် မိသားစုဝင်ငွေတိုးတက်စေသည့် အကြောင်းရင်းများ ဖြစ်ကြပါသည်။

ကျေးရွာတွင် ကရင်စာပေ နှင့် ယဉ်ကျေးမှုအသင်းဖွဲ့စည်းထားရှိပြီ: မူလတန်းကလေးငယ်များအား ကရင်စာပေသင်ကြားနေခြင်းအားဖြင့် ရိုးရာဘာသာစကားအား ထိန်းသိမ်းစောင့်ရှောက်လျှက် ရှိပါသည်။

ဆက်သွယ်ရေးတိုင်များထူထောင်ထားသဖြင့် ဆက်သွယ်ရေးကဏ္ဍပိုမိုကောင်းမွန်လာခြင်းကြောင့် သတင်း အချက်အလက်များ လက်လှမ်းမှီလာခြင်း၊ မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်အတွင်း တည်ရှိ သဖြင့် ပင်မဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်ယူနိုင်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးရရှိပါက အသေး စားအိမ်တွင်းစက်မှုလုပ်ငန်းများလုပ်ဆောင်လာနိုင်ခြင်းဖြင့်ကျေးရွာ၏ဖွံ့ဖြိုးမှုအခြေအနေပိုမိုကောင်းမွန် လာမည် ဖြစ်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

လှည်းလမ်းကူးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် ပွင့်လင်း မြင်သာမှုအားနည်းခြင်းကြောင့် ကျေးရွာအဖွဲ့အစည်းများအားအဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည် တိုးမြှင့်ရန် လိုအပ်ပါသည်။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေပါသည်။

ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ် တိုးမြှင့် လာသော်လည်း အရည်အသွေးမှီသော ဝန်ဆောင်မှုများပေးနိုင်သော လူငယ်လူရွယ်များရှားပါးနေ ပါသည်။

စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ခိုင်မာသောစျေးကွက်ရရှိရန် ချိတ်ဆက်မှု အားနည်းခြင်း၊ ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မချိတ်ဆက်နိုင်ခြင်း၊ စိုက်ပျိုးရေးဗဟုသုတအားနည်းခြင်း တို့သည် စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဟန့်တားများ ဖြစ်ပါသည်။

ကျေးရွာရှိရွာသူရွာသားများအား ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးခြင်း နှင့် ကျန်းမာရေးနှင့် ပတ်သက်၍ အလေးထားမှုမရှိခြင်း။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့ လှည်းလမ်းကူးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကျေးရွာသူ ရွာသားများပူးပေါင်း၍ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း များရေးဆွဲရာတွင် ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်နှင့်ယင်းပန်းတိုင်ရောက်ရှိရေး အတွက် အကောင် အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား၍ အသက်မွေးဝမ်းကြောင်းပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

က) အရည်အသွေးမြင့်၊ စီးပွားရေးတွက်ခြေကိုက်သော စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ် ခြင်းဖြင့် **မိသားစုများ ဝင်ငွေတိုးလာစေရမည်။**

ခ) ယဉ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင် ဘုရားပုထိုးများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများကို ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး **စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။**

ဂ) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာ မီးလင်းရေးများ တိုးမြှင့်ဆောင်ရွက်ခြင်းအားဖြင့် **လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရန်** တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

လှည်းလမ်းကူးကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ် ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့က သက်ဆိုင်ရာဦးစီးဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍ အလိုက် ချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခြင်း၊ ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်တိုးတက်လုပ်ကိုင်သွားရမည် ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည် ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက် များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေရန်အတွက် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော၊ အထွက် ကောင်းသည့် ရာသီသီးနှံများကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန် နှင့် စိုက်ပျိုးရေး နည်းပညာ ဝန်ဆောင်မှုနှင့် မျိုးကောင်မျိုးသန့်များလွယ်ကူစွာ လက်လှမ်းမီရေး အတွက် လိုအပ်သည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေး ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၂) မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ကျိုက်ထိုမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း တို့နှင့် ချိတ်ဆက်၍ အရည်အသွေးမှီသောရော်ဘာပြားများကို ထုတ်လုပ်ပေးနိုင်ရန် နှင့် ကောင်းမွန်သော ရော်ဘာစျေးကွက် လက်လှမ်းမီရန်အတွက် လိုအပ်သောသွင်းအားစုများ နှင့် နည်းပညာများစနစ်တကျ သုံးစွဲနိုင်ရေး လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၃) သွင်းအားစုများအချိန်မှီ အသုံးပြုနိုင်ရန်နှင့် အချိန်မှီ စိုက်ပျိုးထွန်ယက်နိုင်ရန်အတွက် လုံလောက် သော ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုတိုးတက်စေရန်အတွက် ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသထွက် ကုန်များအခြေခံသော ကုန်ချောထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက် စေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟော်တယ်နှင့် ခရီးသွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေနေကောင်းများ နှင့် လူငယ်လူရွယ်များ အားစွမ်းရည်မြှင့် သင်တန်း များပေးနိုင်အောင် ဖန်တီးဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီရေး နှင့် ပညာရေး၊ ကျန်းမာရေး နှင့် သက်ဆိုင်သော အသိ၊ ဉာဏ်ပညာများ တိုးပွားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး ၊ ကျေးရွာမီးလင်းရေးတို့အားသက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒ နှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန် မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုတ်နှံရန် ချေးငွေသည် အရေးကြီးပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထားရာမှ ဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက်ပေး နိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင်ပဂွလိက၊ ကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

ကျေးရွာသမဝါယမအသင်း

သမဝါယမဦးစီးဌာန၏ပံ့မှန်ကျေးရွာသမဝါယမအသင်းများအပြင် ၂၀၁၃ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂအစီအစဉ်၏ဦးဆောင်မှုဖြင့် ကျေးရွာများရှိ အချို့သော အသက်မွေးဝမ်းကျောင်းအဖွဲ့ အစည်း များ၊ ကိုယ့်အားကိုယ်ကိုး အဖွဲ့စည်းများအားသမဝါယမအသင်းများအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ မည်သည့် လုပ်ငန်းအတွက်မဆိုထုတ်ချေး၍ရပြီး ချေးငွေကာလမှာ(၆လ)ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ်လျှင် ၁.၁၅ကျပ်တိုးဖြစ်ပြီး မြို့နယ်သမဝါယမသို့ ၁ကျပ်တိုး ပြန်သွင်းရပြီး အဖွဲ့ထဲတွင် ၀.၁၅ကျပ်တိုး ကျန်ရှိခဲ့မည်ဖြစ်ပါသည်။ အဖွဲ့ငယ်(၁၀)ဦးတစ်ဖွဲ့ဖွဲ့ရပြီး အချင်းချင်း ပြန်လည် အာမခံရသည့်စနစ်ကို ကျင့်သုံးကြပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် စွေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ စွေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍စွေးကွက်ဖေါ်ဆောင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် တင်ပြချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များ အလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။

(ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့် အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေး အတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေးရမှတ်	ဦးစားပေးအဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	
၁။	စီမံအုပ်ချုပ်မှုစနစ်	ကျေးရွာအဖွဲ့အစည်းများခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခြင်း	၅၇	၈	• အလားအလာရှိ သောခေါင်းဆောင်များအားရွေးချယ် ခြင်း နှင့် စွမ်းရည်မြှင့်သင်တန်း များပေးခြင်း • ကျေးရွာ၏လက်ရှိအခြေအနေအားစဉ်ဆက ်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုး ရေးအစီအစဉ်များ ရေးဆွဲခြင်း	
၂။	စိုက်ပျိုးရေး (ဥယျာဉ်ခြံ၊ ရော်ဘာ)	စိုက်ပျိုးနည်း ပညာများ နှင့် ဝန်ဆောင် မှုများ လက်လှမ်းမှီ အောင် ဆောင်ရွက်ခြင်း	၇၈	၃	• သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက် ဆောင်ရွက်၍ လမ်းညွှန် ပေးခြင်း၊ ➢ စိုက်ပျိုးရေးနည်းပညာ တိုးတက်ရေးသင်တန်း ➢ ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်းပေးခြင်း၊ • နှစ်ရှည်သီးနှံပင်များ စနစ်တကျစိုက်ပျိုးနိုင်ရန်စည်းရုံးဆော်သြ ခြင်း၊	
		အစားထိုးသီးနှံပင်များ (ကြက်မောက်၊ မင်းဂွတ်၊ ကျွဲကော) စိုက်ပျိုးခြင်း	၆၁	၇		
		ရော်ဘာထုတ် လုပ်မှုတိုးတက်ရေးအတွက် နည်းပညာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး	၆၁	၇	• သကိဆိုင်ရာဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ➢ အရည်အသွေးကောင်း သောဘတ်ကူးပင်များရရှိရန်ဖန်တီးခြင်း၊ ➢ အဆင့်(၁)ရှိသော အရည်အသွေးမြှင့် ရော်ဘာပြားများ ထုတ်လုပ်နိုင် ရန် ဆောင်ရွက် ခြင်း၊	
၄။	စိုက်ပျိုး မွေးမြူရေး မဟုတ် သော ဖွံ့ဖြိုးရေး လုပ်ငန်း	ပြည်တွင်းပြည်ပဖြန့်ဖြူး နိုင်သော ဒေသထွက်ကုန် များအခြေခံသော တန်ဘိုးမြှင့်ကုန်ချောထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ခြင်း	၇၅	၄	• အခြေခံကျသော ရေရှည် စီမံကိန်းရေးဆွဲ နည်းနှင့် ပတ်သက် သော စွမ်းရည် များ ဖွံ့ဖြိုးတိုးတက်လာ အောင်ပြုပေးခြင်း၊ ➢ လုပ်ငန်းစီမံခန့်ခွဲမှုသင် တန်းများပံ့ပိုးပေးခြင်း၊ ➢ ချေးငွေရရှိနိုင်သောနေ ရာများနှင့်ချိတ်ဆက် ခြင်း • ဒေသထွက်ကုန်များအ ခြေခံသောကုန်ချောထုတ် လုပ်မှုနှင့် ရောင်းဝယ်မှု များ၊ ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက်အထောက် အကူပြုမည့် အခြေနေကောင်းများတိုးတက်အောင် ဆောင်ရွက်ပေခြင်း။	
		ဟော်တယ်နှင့် ခရီးသွား လာရေး ကဏ္ဍဖွံ့ဖြိုးလာ အောင်ဆောင်ရွက်ခြင်း	၇၁	၅		

၅။	ပညာရေး	ကျေးရွာ၏ ပညာရေးအဆင့်အတန်း တိုးတက် အောင် ဆောင်ရွက်ခြင်း။	၇၀	၆	• ကျေးရွာ၏ ပညာရေးအ ဆင့်အတန်းမြင့်မားလာ စေခြင်း။ ➢ ကျောင်းကားတည်ထောင်ခြင်း • အလယ်တန်း၊ အထက် တန်းကျောင်းတက်ရောက် ရန်အတွက် သွားလာရေး အစဉ်ပြေစေရန် စီစဉ်ပေး ခြင်း	
၆။	ကျန်းမာရေး	ကိုယ်ဝန်ဆောင်မိခင်များ၏ကျန်းမာရေး အသိ တိုးပွားလာ အောင်ဆောင်ရွက် ခြင်း ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ် လာပါက အမြန် ဆုံးစောင့်ရှောက်မှုပေးနိုင်ရန် အစီအစဉ်များ ချမှတ်ဆောက် ရွက်ခြင်း	၈၃	၁	• ကိုယ်ဝန်ဆောင်မိခင်များအားကျန်းမာ ရေးအသိ ပညာ ပေးခြင်း • ကျန်းမာရေးအကျိုးတော် ဆောင် အဖွဲ့ များတည်ထောင်ခြင်း နှင့် လူမှုရေး ရန်ပုံငွေ မတည်စုဆောင်းခြင်း • သဘာဝဘေးအန္တရယ်နှင့်အရေးပေါ်ကူးစက်ရောဂါပျံ့နှံ့ခြင်းများအတွက် လိုအပ်သော ပြင်ဆင်မှု များ နှင့် အသိ ပေး နှိုးဆော် မည့်တက်ကြွသည့် အဖွဲ့ အစည်းများဖွဲ့စည်းခြင်း၊ • ဆေးရုံ၊ ဆေးခန်းများနှင့် ပတ်သက်သော သတင်အချက်အလက်များကို ရယူခြင်း	
၈။	လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား	လူငယ်များရိုးရာစာပေ နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများ တိုးတက်ရေး:	၅၂	၉	• လူငယ်များစွမ်းဆောင်ရည် မြင့်မားလာ ခြင်း • အခြေခံ ခေါင်းဆောင်မှု သင်တန်း • အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း	
၉။	လျှပ်စစ်	ကျေးရွာ မီးလင်းရေး	၈၀	၂	• မီးလင်းရေးကော်မတီကိုဖွဲ့စည်းခြင်း • မြို့နယ်လျှပ်စစ်ဓါတ် အားဖြန့်ဖြူးရေးလုပ် ငန်း၊ကျေးလက်ဦးစီးဌာန များနှင့် ချိတ်ဆက်ခြင်း • ငွေကြေးပူးပေါင်းပါဝင်နိုင်ရန် စည်းရုံးလှုံဆော်ခြင်း	ကျေးလက်ဦးစီး
၁၀။	အခြေခံအဆောက်အဦး	ကျေးလက်လမ်းပြုပြင်ခြင်း(၈၀၀၀) ပေ	၈၃	၁	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ကျေးလက် လမ်းပြုပြင်ခြင်း	ကျေးလက်ဦးစီး

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစား ပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကိုယ်ဝန်ဆောင်မိခင်များ၏ကျန်းမာရေး အသိ တိုးပွားလာ အောင်ဆောင် ရွက် ခြင်း ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ် လာပါက အမြန် ဆုံးစောင့်ရှောက်မှုပေးနိုင်ရန် အစီအစဉ်များ ချမှတ်ဆောက် ရွက်ခြင်း	၁	Â	Â	Â	Â	Â
၂	ကျေးလက်လမ်း ပြုပြင်ခြင်း(၈၀၀၀) ပေ	၁	Â				
၃	ကျေးရွာ မီးလင်းရေး	၂	Â	Â	Â		
၄	စိုက်ပျိုးနည်း ပညာများ နှင့် ဝန်ဆောင်မှု များ လက်လှမ်းမှီ အောင် ဆောင် ရွက်ခြင်း	၃	Â	Â	Â	Â	Â
၅	ပြည်တွင်းပြည်ပဖြန့်ဖြူး နိုင်သော ဒေသ ထွက်ကုန် များအခြေခံသော တန်ဘိုးမြှင့် ကုန်ချောထုတ် လုပ်ခြင်းနှင့် ရောင်းဝယ် ခြင်း	၄	Â	Â	Â	Â	Â
၆	ဟော်တယ်နှင့် ခရီးသွားလာရေး ကဏ္ဍ ဖွံ့ဖြိုးလာ အောင် ဆောင်ရွက် ခြင်း	၅		Â			
၇	ကျေးရွာ၏ပညာရေးအဆင့်အ တန်း တိုးတက်အောင် ဆောင်ရွက် ခြင်း။	၆	Â	Â	Â	Â	Â
၈	အစားထိုးသီးနှံပင်များ (ကြက်မောက်၊ မင်းဂွတ်၊ ကျွဲကောာ) စိုက်ပျိုးခြင်း	၇	Â	Â	Â	Â	Â
၉	ရော်ဘာအထွက်ကောင်းမျိုးပြောင်းလဲ စိုက်ပျိုး ရေးရော်ဘာထုတ်လုပ်မှု တိုးတက် ရေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှု များလက်လှမ်းမှီရေး	၇	Â				
၁၀	ကျေးရွာအဖွဲ့အစည်းများခိုင်မာတောင့်တင် း အောင် ဆောင်ရွက်ခြင်း	၈	Â	Â	Â	Â	Â
၁၁	လူငယ်များရိုးရာစာပေ နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများ တိုးတက်ရေး	၉	Â	Â	Â	Â	Â

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေး အသိ တိုးပွားလာအောင်ဆောင် ရွက် ခြင်း					
၂	ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ်လာပါက အမြန်ဆုံး စောင့်ရှောက်မှုပေးနိုင်ရန် အစီအစဉ်					

	များ ချမှတ်ဆောက် ရွက်ခြင်း					
၃	ကျေးလက်လမ်းပြုပြင်ခြင်း (၈၀၀၀) ပေ					
၄	ကျေးရွာ မီးလင်းရေး					
၅	စိုက်ပျိုးနည်း ပညာများ နှင့် ဝန်ဆောင်မှု များ လက်လှမ်းမှီ အောင် ဆောင် ရွက်ခြင်း					
၆	ပြည်တွင်းပြည်ပဖြန့်ဖြူး နိုင်သော ဒေသ ထွက်ကုန် များအခြေခံသော တန်ဘိုးမြှင့် ကုန်ချောထုတ် လုပ်ခြင်းနှင့် ရောင်းဝယ် ခြင်း					
၇	ဟော်တယ်နှင့် ခရီးသွားလာ ရေး ကဏ္ဍ ဖွံ့ဖြိုးလာ အောင် ဆောင်ရွက် ခြင်း					
၈	ကျေးရွာ၏ပညာရေးအဆင့်အ တန်း တိုးတက်အောင် ဆောင်ရွက် ခြင်း။					
၉	အစားထိုးသီးနှံပင်များ (ကြက်မောက်၊ မင်းဂွတ်၊ ကျွဲကော) စိုက်ပျိုးခြင်း					
၁၀	ရော်ဘာအထွက်ကောင်းမျိုးပြေ ာင်းလဲ စိုက်ပျိုး ရေးရော်ဘာထုတ်လုပ်မှု တိုးတက် ရေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှု များလက်လှမ်းမှီရေး					
၁၁	ကျေးရွာအဖွဲ့အစည်းများခိုင်မာ တောင့်တင်း အောင် ဆောင်ရွက်ခြင်း					
၁၂	လူငယ်များရိုးရာစာပေ နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများ တိုးတက်ရေး					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်ကို မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်း တွင် ကော်မတီ နှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှု များ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြု ချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း ၏%	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၉	၃	၁၂	၃	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၈	၁၃	၃၁	၈	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၃	၂၂	၄၅	၁၂	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၂၀	၂၂	၄၂	၁၁	အလယ်တန်းကျောင်းသား အရွယ်
၁၅နှစ်မှ ၆၀ နှစ်	၁၁၃	၁၂၄	၂၃၇	၆၂	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၈	၉	၁၇	၄	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၁၉၁**	**၁၉၃**	**၃၈၄**		
စုစုပေါင်း အိမ်ထောင်စု			**၈၆**		
ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား			**၄.၄**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆–၁၈ရက်၊ ၇ လ၊ ၂၀၁၅နှစ်) (၂၀၁၄ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ .....

. ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၉	၂၂.၆	၄၈	ကွမ်း ၁၅၊ ကွမ်း+ရော်ဘာ ၂၊ တောင်ထန်း ၂၊ (ကျပန်း၃၉+ကျန်းမာ ၁+ကုန်၁ + ပြည်သူ၀န် ၃+ လက်လီ ၄)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				

	မိသားစုဝင် လုပ်အား				
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၂	၁၁	ဝါးကုလားထိုင်၊ တောင်ထန်းဖျာ (၁)ဦး၊ တွဲဖက်(၁၁) ရှိပါသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၅	လက်သမား/ပန်းရံ(၅)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၁	ဆိုင်ကယ်၊ စက်ဘီးပြင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း			၂	အပ်ချုပ်ဆိုင်(၁)၊ ဆံပင်ညှပ် (၁)
	အလုပ်သမား၊ ကျပန်း၊				

	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၅	၆.၀	၁	ကုန်စုံဆိုင် (၆)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း			၁	လက်ဖက်ရည်ဆိုင်(၁)၊
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	*ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			၃	စက်မှုလယ်ယာ(၂)ဦး၊ တပ်မတော်သား(၁)ဦး
	မိသားစုဝင် လုပ်အား				
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			၅	ကျောင်းဆရာမ(၅)ဦး
	မိသားစုဝင် လုပ်အား				
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊	၁	၁.၂	၁	ဘက်စုံသားဖွားသူနာပြု(၁)ဦး၊

	ရာသီအလိုက် အလုပ်သမား				အရပ်လက်သည်(၁)ဦး
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅၈	၆၉	၁	ကွမ်းခူး၊ သဲထမ်း၊ခြံရှင်း ၊တောင်ထန်းယက်၊ဖျာယက်၊
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	**၈၄**	**၁၀၀**	**၇၉**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ (၂)အိမ်ထောင်စုသည် အသက်မွေးဝမ်းကြောင်း လုပ်ငန်းလုပ်ကိုင်ခြင်း မရှိဘဲ သားသမီးများကို မှီခိုရှု နေတိုင်စားသောက်ကြပါသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၉	ညံ့	-	-
ရော်ဘာ	၃၁	သင့်		
ဥယျာဉ်ခြံမြေ	၁၁၅	သင့်		တွင်းရေ (မြေအောက်ရေ)
အခြား				
စုစုပေါင်း	၁၅၅			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥယျာဉ်ခြံ၈ကေ(၁၁၅)၈ကရှိပါသည်။ ရှေးယခင်ကတည်းက စိုက်ပျိုးခဲ့သော တောင်ထန်း၊ ဝါး၊ သစ်ရိုင်းများ၊ ချုံနွယ်များပေါက်ရောက်နေပါသည်။ ယင်းခြံများကို ခုတ်ထွင်၍ ကွမ်း နှင့် ရော်ဘာများကို အစားထိုးစိုက်ပျိုးလာကြပါသည်။ ရော်ဘာ(၃၁)၈ကရှိပြီး အစေးခြစ်၍ရသော၈ကမှာ (၈)၈ကဖြစ်ပါသည်။ ရော်ဘာ စိုက်ပျိုးခြင်းသည် ကျပန်းလုပ်ကိုင်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးပါသည်။

လယ်မြေ(၉)၈ကရှိသော်လည်း မျိုးကောင်းမျိုးသန့်မစိုက်ပျိုးခြင်း၊ မြေဆီညှဲခြင်း၊ ရိုးချောင်းမှရေလျှံပြီး လယ်မြေရေမြုပ်ခြင်း၊ ရေမထိန်းသိမ်းထားနိုင်ခြင်းတို့ကြောင့် အထွက်နှုန်း နည်းပါးပါသည်။ စပါးစိုက်ပျိုးရာတွင် ဒေသမျိုးဖြစ်သည့်ဦးထွန်းလှစပါးမျိုးကို စိုက်ပျိုးပြီး ၁၈က လျှင် တင်း(၃၀) ထွက်ရှိပါသည်။ ခံနိုင်ရည်ရှိသောမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးခြင်း၊ သဘာဝ မြေဩဇာများသုံးစွဲခြင်းဖြင့် သီးနှံအထွက်တိုးအောင် ဆောင်ရွက်သင့်ပါသည်။

ယခင်ကတောင်သူများသည် ကြံကိုအများအပြားစိုက်ပျိုးခဲ့ကြပြီးဘီးလင်းသကြားစက်သို့ တင်ပို့ရောင်းချခဲ့ကြပါသည်။ ၂၀၁၂ မှစ၍ သကြားစက်မှ ကြံဝယ်ယူမှုရပ်ဆိုင်းသွားသဖြင့် ယင်းမြေကွက်အချို့တွင် ရော်ဘာနှင့်ကွမ်းကို စိုက်ပျိုးကြပါသည်။ ကျန်သော မြေလွတ်များကို စိုက်ပျိုးခြင်း မရှိဘဲ စားကျက်အဖြစ်အသုံးပြုကြပါသည်။

၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)		
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	များ	လွယ်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ		
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	နည်း	ရှားပါး၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ယခင်က ဆေးဘက်ဝင်အပင်များပေါများစွာရှိသော်လည်း ယခုအနည်းငယ် သာကျန်ရှိပါသည်။ ဆေးဘက်ဝင်အပင်ထိန်းသိမ်းရေးနှင့်အသိပညာပေးခြင်းလုပ်ငန်းများ၊ငင်းအပင် များ၏အကျိုးအာနိသင်များအား လူငယ်/ရွယ်များအားသိရှိစေခြင်းဖြင့်ရေရှည်ထိန်းသိမ်းနိုင်ပါမည်။

နွားစာအနေဖြင့် ရွှေတချောင်းချောင်းဘေးတလျှောက်နှင့် ရိုးချောင်းဘေးများတွင် နွားစာမြက်များကို မိုးတွင်းအတွက်သာရရှိနိုင်ပြီး နွေရာသီတွင်အခြားကျေးရွာများရှိခြံမြေများတွင်

ရိတ်ယူရသည်။ ထို့ပြင် ကျေးရွာ၏အနောက်ဖက်ရှိ “စိမ်းလဲ့တင် အပန်းဖြေဥယျာဉ်” မှ ရွာပိုင်မြေဧရိယာများကို တိုးချဲ့ဝယ်ယူလာခြင်းကြောင့် ကျေးရွာပိုင်မြေဧရိယာများ တဖြည်းဖြည်း လျော့နည်းလာပါသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ရော်ဘာ/ခြံ/ကွမ်းခြံ (၅-၁၀)ဧက	ရော်ဘာ/ခြံ/ကွမ်းခြံ (၁-၅)ဧက	ရော်ဘာ/ ခြံ / ကွမ်းခြံ၁ဧကအော ာက်	မြေမရှိ
အိမ်အခြေအနေ	သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ တိုက်အိမ်	တောင်ထန်းမိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ/ထရံကာ၊ ခွဲတိုင်	တောင်ထန်းမိုး၊ ထရံကာ၊ လုံးတိုင်၊ သဲပို့ခင်း	တောင်ထန်းမိုး၊ သဲပို့ခင်း၊ ထရံကာ၊ ဝါးတိုင်/မျောတိုင်
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	နွား(၂)ကောင်၊ လှည်း၊ ထွန်စက်၊ မြတ်ရိတ်စက်၊	လှည်း၊ မြတ်ရိတ်စက်၊	ဓါး၊ ပေါက်တူး၊ တောင်း၊ ပုံး	ဓါး၊ ပေါက်တူး၊ တောင်း
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	အောက်စက်၊ မီးစက်၊ ဆိုင်ကယ်၊ တီဗွီ	ဆိုင်ကယ်	စက်ဘီး	-
အဓိကစီးပွားရေး လုပ်ငန်း၊ တန္နစ်ဝင်ငွေ	စျေးရောင်း၊ ခြံလုပ်	ခြံလုပ်ငန်း	ကျပန်း	ကျပန်း
အခြား		မိသားစုဦးရေနည်း (၃-၅)ဦး	သားသမီးများ	သားသမီးများ
စုစုပေါင်း(၈၆)	**၈(၉%)**	**၂၈(၃၃%)**	**၂၇(၃၁%)**	**၂၃(၂၇%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၇ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ ကျေးရွာ အိမ်ထောင်စု(၈၆)စုတွင် (၉)%သည် ချောင်လည်သော အိမ်ထောင်စုများ ဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။ ၅၈%သည်ဆင်းရဲသည်ဟုခံယူကြပြီး ယင်းတို့သည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေတစ်ဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ၊ သားသမီးဦးရေ များပြားသူများ ဖြစ်ပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေ(၅)ဧကအထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်သောသူများဖြစ်ကြသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမိသားစုများ၏ ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ သတ်မှတ်ထားသော ဆင်းရဲ နှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စု (၃၀)စုကို တစ်အိမ်ထောင်ချင်း ဆန်းစစ်လေ့လာပြီး ပြန်လည်တွက်ချက်မှုအရ ကျွန်တော်တို့ ကျေးရွာရှိ ဆင်းရဲ နှင့် အလွန်ဆင်းရဲများ၏ လက်ရှိ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃၆	၇၂%	အကြွေး၊ သီးနှံကြိုရောင်း၊စပါးဘဏ်
၃ လနှင့် ၅ လအထိ	၇	၁၄%	
၆လမှ၁၂လအထိ	၇	၁၄%	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ လ၊ နှစ်)

လေ့လာတွေ့ရှိချက်။ ။ .....

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၂	၁	၃
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ			
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၁		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	-		
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ	၁		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	မြေယာမဲ့များ၊ ကျပန်းမိသားစုများနှင့် ဆင်းရဲသားမိသားစုများကြုံတွေ့ရနိုင်
၂	သဘာဝအရင်းအမြစ်ရှားပါးမှု	မြင့်မား	“စိမ်းလဲ့တင်အပမ်းဖြေဥယျဉ်”မှ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	(မြေ၊စိုက်ပျိုးရေ...)		စိုက်ပျိုးမြေများတိုးချဲ့ဝယ်ယူလာခြင်းနှင့် ကျေးရွာချင်းထိစပ်နေခြင်းတို့ ကြောင့်ထပ်မံတိုးချဲ့ရန်အတွက်စိုက်ပျိုးြေ ြေမရှိတော့ပါ။ ယခင်ကတွင်းရေ ကို စိုက်ပျိုးရေအဖြစ် သုံးစွဲခဲ့ရာ ယခု နှစ်နွေရာသီတွင် တွင်း(၂)တွင်းရေခမ်း ခြောက်သွားခဲ့ပါသည်။
၃	ရေကြီးခြင်း	အသင့်အတင့်ရှိ	မိုးတွင်းကာလတွင် ချောင်းရေကြီး ခြင်း နှင့် ရိုးချောင်းရေလျှံတက်မှုများ ကြောင့် ကျေးရွာ၏အနိမ့်ပိုင်းများ ရေကြီးမှုနှင့် ကြုံတွေ့ရ
၄	မိုးခေါင်ခြင်း	မြင့်	အချို့နှစ်များတွင် ကြုံတွေ့ရလေ့ရှိ၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းများ ဖြစ်ပေါ် လာနိုင်
၅	မုန်တိုင်း	ဖြစ်နိုင်ခြေနည်း	တခါတရံအဖျားခတ်တိုက်ခတ်မှုများ ရှိသော်လည်း ပျက်စီးဆုံးရှုံးမှုများ အနည်းငယ်သာရှိပါသည်။ ကွမ်းခြံပြု ခြင်းများသာ ကြုံတွေ့ရ ပါသည်။
၆	ငလျင်	ဖြစ်နိုင်ခြေနည်း	တခါတရံသာ ကြုံတွေ့နိုင်၊ ဖြစ်ပေါ်ပါ က ဆုံးရှုံးမှုများ မခန့်မှန်းနိုင်ပါ။
၇	မီးဘေး	ဖြစ်နိုင်ခြေနည်း	မီးဘေးကြိုတင်ကာကွယ်မှုများရှိကြပါသ ည်။ နွေရာသီတွင် မီးချိတ်၊မီးကတ် များ ဆောင်ထားလေ့ရှိ၊ နွေရာသီတွင် ကြုံတွေ့ရနိုင်ပါသည်။မီးတားလမ်းများ ပြုလုပ်ထားပါသည်။
၈	ဆားငံရေဝင်မြေ		
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်မား	ရွှေတချောင်းချောင်းအတွင်းသဲစုပ်ယူခြင်း၊ ရောင်းချခြင်းများကိုလုပ်ကိုင် နေခြင်း ကြောင့် ကမ်းပါးပြိုမှု အန္တရာယ်ရှိပါသည်။
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်မား	ကျေးရွာတွင် အိမ်ဆောက်လုပ်ရန် နှင့် ချက်ပြုတ်စားသောက်ရန်သစ်ဝါးများ ကို သုံးစွဲရသဖြင့် သစ်တောများ တဖြည်း ဖြည်း ပြုန်းတီးလာပါသည်။
၁၁	ငှက်ဖျားရောဂါ	ဖြစ်နိုင်ခြေနည်း	ငှက်ဖျား နှင့်ပက်သက်သည့် အသိပညာ / ဗဟုသုတများ ရှိသောကြောင့် ကြိုတင် ကာကွယ်မှုများ ရှိခြင်း၊ အဖွဲ့အစည်းများ မှ ထိရောက်စွာ ကုသပေးခြင်း တို့ကြောင့် ငှက်ဖျားဖြစ်ပေါ်မှု ရှားပါးသွားပြီဖြစ်
၁၂	တီဘီရောဂါ	အနည်းငယ်သာရှိ	ကျန်းမာရေးဗဟုသုတရှိသောကြောင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			ကြိုတင်ကာကွယ်နိုင်ပြီးကူးစက်ခံရပါက ထိရောက်စွာ ဆေးကုသမှုခံယူ ခြင်း။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်	အခြားနိုင်ငံများသို့ သွားရောက် လုပ်ကိုင်မှုများရှိခြင်းကြောင့်ထိခိုက်လွယ်မှု မြင့်မားနိုင်ပါသည်။ သို့သော် ကာ ကွယ်မှု နည်းလမ်းနှင့်ဗဟုသုတများရှိကြပါသည်
၁၅	ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများ		
၁၆	လူကုန်ကူးခြင်း	ဖြစ်နိုင်ခြေရှိ	အခြားနိုင်ငံသို့သွားရောက်လုပ်ကိုင်သူများရှိသည့်အတွက်လူကုန်ကူးမှုများနှင့် ကြုံတွေ့ရနိုင်။ ယခုအခါ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုများရှိနေသောကြောင့် သတိထားနေသင့်။
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ ရေအရင်းအမြစ် နှင့် အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ရန် တွေ့ကြုံရသည့် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ် လာလျှင် ရပ်တည်ရန်စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အုပ်စု	ထိခိုက်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	လူငယ်အနည်းစုသည်ထိုင်းနှင့်နယ်စပ်များတွင် သွားရောက်လုပ်ကိုင်မှုများရှိနေပါသည်။ ကူးစက်ရောဂါများရရှိနိုင်သကဲ့သို့ မူးယစ်ဆေး သုံးစွဲနိုင်ရန် အခွင့်အလမ်းများရှိခြင်း။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	အလုပ်အကိုင်၊ အခွင့်အလမ်းရှားပါးသည့် အချိန်များ စားနပ်ရိက္ခာမလုံလောက်မှု များနှင့်ကြုံတွေ့ရနိုင်
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	စားနပ်ရိက္ခာမဖူလုံမှု၊သီးနှံဈေးကွက်မတည်ငြိမ်မှု၊ ဖျက်ပိုးရောဂါကျရောက်မှု၊ တိရိစ္ဆာန် အစားစာမလုံလောက်မှု၊ လူ/တိရိစ္ဆာန်ရောဂါ များကျရောက်မှုတို့နှင့် ကြုံတွေ့နိုင်
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော၊ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူများ		

စဉ်	အုပ်စု	ထိခိုက်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
၅	မြစ်ကမ်းဘေးနေလူထု		
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာတွင် နေထိုင်သူများ (Prone to accident)		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်	ရေကြီးမှုနှင့် ကြုံတွေ့နိုင်
၉	ငါးကန်ပိုင်ရှင်		
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်အကိုင်၊ အခွင့်အလမ်းရှားပါးသည့် အချိန်များတွင် စားနပ်ရိက္ခာမလုံလောက်မှုများ နှင့်ကြုံတွေ့ရနိုင်
၁၁	လူနည်းစု လူမျိုးများ		
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာ		
၁၃	နယ်စပ်ဒေသ		
၁၄	ရွှေတွင်းလုပ်သား		
၁၅	ဆေးစွဲသူများ		
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိေသူများ	မြင့်	နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်သူများ၊ မူးယစ်ဆေးသုံးစွဲနိုင်ခြင်းနှင့် ကူးစက်ရောဂါ ခံရနိုင်မှုများခြင်း
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ		
၁၈	ရွှေ့ပြောင်းလုပ်သားများ		
၁၉	ကားသမား		
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင် သောဆင်းရဲသည့် အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမား များ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာ ဖူလုံမှု မရှိသော မိသားစုများဖြစ်ကြသည်။ ကျေးရွာအတွင်းရှိ လူငယ် (၂၀)ဦးခန့်သည် ဝင်ငွေပိုမို ရရှိနိုင်ရန် ကျေးရွာပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။

အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	တိုးတတ်အောင်စာကြည့်တိုက်ကော်မတီ	၂	၄	၅	၉	ပညာရေးကဏ္ဍ	၄	၇
၂	မိဘဆရာအသင်း	၂	၇	၇	၁၄	ပညာရေးကဏ္ဍ	၄	၇
၃	စပါးဘဏ်ကော်မတီ	၁	၁	၄	၅	ဝမ်းစာဖူလုံရေး	၅	၆
၅	ကျေးရွာလူငယ်အဖွဲ့	၂	၂	၃	၅	လူမှုရေးလုပ်ငန်း	၄	၇
၆	စန္ဒကူးကိုယ့်အားကိုယ်ကိုး အဖွဲ့	၁	-	၆	၆	ငွေစုငွေချေး	၅	၆
၇	စိန်ပင့်ကူကိုယ့်အားကိုယ်ကိုး အဖွဲ့	၁	၁	၉	၁၀	ငွေစုငွေချေး	၅	၆
၈	ရွှေနှင်းဆီကိုယ့်အားကိုယ်ကိုးအဖွဲ့	၁	၁	၁၀	၁၁	ငွေစုငွေချေး	၄	၆
၉	ငွေသွန်းပုံကိုယ့်အားကိုယ်ကိုးအဖွဲ့	၁	-	၉	၉	ငွေစုငွေချေး	၅	၇
၁၀	ကရင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်း	၂	၁၃	၂	၁၅	လူငယ်နှင့်ယဉ်ကျေးမှု	၄	၆
၁၁	စိန်ရတနာသ/မအဖွဲ့	၁	၂	၃	၅	ငွေစုငွေချေး	၅	၆
၁၂	ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအဖွဲ့	၂	-	၅	၅	ကျန်းမာရေး	၄	၇
၁၃	ပြည့်စုံအောင်ကိုယ့်အားကိုယ်ကိုးအဖွဲ့	၁	၁	၇	၈	ငွေစုငွေချေး	၄	၇
၁၄	အသက်မွေးဝမ်းကျောင်းကော်မတီ	၂	၂	၃	၅	ချေးငွေ	၄	၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ လ၊ နှစ်)

ကရင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ

ကရင်ရိုးရာ စာပေနှင့်ယဉ်ကျေးမှုများ လူငယ်များထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ကရင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို (၃.၇.၂၀၁၄)ခုနှစ်တွင် ကျိုက်ထိုကရင်စာပေအဖွဲ့၏ ညွှန်ကြားချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့သည် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပခြင်း နှင့် ကရင်ရုံးသုံးစာပေဖြစ်သော **လေဝါးဖိုး**စာပေကို အဓိကထားသင်ကြားကြပါသည်။ (၈.၇.၂၀၁၂)ခုနှစ်တွင် ကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ကြပါသည်။ အဖွဲ့ ရန်ပုံငွေအတွက် အသက်မွေးဝမ်းကြောင်းကော်မတီက ၃သိန်း၊

စပါးဘဏ် ကော်မတီက ၅သိန်း၊ ကိုယ်အားကိုယ်ကိုးအဖွဲ့၅ဖွဲ့က တစ်ဖွဲ့လျှင်၁သောင်း ကျပ်ဖြင့် (၅၀၀၀၀)ကျပ်၊ အိမ်ထောင်စု၂၀မှ တစ်အိမ်ထောင်လျှင်၁သိန်းဖြင့် ကျပ်သိန်း(၂၀)၊ စုစုပေါင်း (၂၈၅၀၀၀၀) ကျပ်ခန့် ထည့်ဝင်ခဲ့ ကြပါသည်။ ရရှိလာသောအဖွဲ့ရန်ပုံငွေကို ကျိုက်ထိုမြို့နယ် ကရင်စာပေအဖွဲ့သို့ ထည့်ဝင်ခဲ့ကြပြီး မြို့နယ်ရန်ပုံငွေနှင့် စုပေါင်းကာ ကျိုက်ထီးရိုး တောင်တက် ကားငှါးစီးဝယ်ခဲ့ပါသည်။ တစ်နှစ်အတွင်း အမြတ်ငွေ သိန်း၃၀ကျပ်ရရှိပြီး အရင်းမတည်ထားသော အဖွဲ့အစည်းများ၊ အိမ်ထောင်စုများသို့ ပြန်လည်ခွဲဝေပေးခဲ့ပါသည်။ အိမ်ထောင်စုများသည် ရရှိထား သော အမြတ်ငွေ များထဲမှ ၁၀%အား ကော်မတီရန်ပုံငွေအဖြစ်ပြန်လည်ပေးလှူခဲ့ကြပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းနှင့် စပါးဘဏ်မှလည်း ၄သိန်းကျပ် ပေးလှူခဲ့ကြပါသည်။ ၎င်းငွေကို ဆရာ ဖြစ်သင်တန်းသားများအတွက် သင်တန်းစရိတ်အဖြစ်အသုံးပြုခဲ့ကြပြီး ကျေးရွာလမ်းပြုပြင်ခြင်းတွင် လည်း ၁သိန်းကျပ် ထည့်ဝင်ခဲ့ပါသည်။ အဖွဲ့မှ နောင်၅နှစ်အတွင်း မြေကွက်ဝယ်ယူပြီး ကလေး၊ လူကြီး အားလုံး စာသင်ကြား နိုင်ရန် အလျား(၁၂)ပေ အနံ(၂၀)ရှိသော အဆောက်အဦဆောက်လုပ်နိုင်ရန် ရည်မှန်းခဲ့ကြပါသည်။

တိုးတတ်အောင် စာကြည့်တိုက်ကော်မတီ

၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်တွင် အဆောက်အဦ ပျက်စီးခဲ့ရာမှ အလျား ၁၅ပေ အနံ ၁၀ပေရှိ စာကြည့်တိုက်ကို ကျေးရွာရန်ပုံငွေဖြင့် ၂၀၁၃ ခုနှစ်၌ ပြန်လည်ဆောက်လုပ်ခဲ့ပါသည်။ ၄.၇.၂၀၁၃ ခုနှစ်တွင် ကျား (၄) မ (၅)ဦးဖြင့် ကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ကြပါသည်။ လက်ရှိအဖွဲ့ဝင်ဦးရေမှာ (၂၃) ဦးဖြစ်ပါသည်။ ကျေးရွာအတွင်းသို့ ဝင်ရောက်လာသော ကားများကို ရွာဝင်ကြေးအဖြစ် ကားတစ်စီးလျှင်၅၀၀ကျပ်ကောက်ခံခဲ့ရာ ၁သိန်း ၆သောင်း ကျပ် ရရှိပြီး ၎င်းငွေကို အဖွဲ့ရန်ပုံငွေအဖြစ်မတည်ခဲ့ကြပါသည်။ အဖွဲ့ဝင်များမှ ၁၅ ရက်တစ်ကြိမ် တစ်ဦးလျှင် အနည်းဆုံး ၅၀၀ကျပ်စီ စုဆောင်းခဲ့ကြရာ လက်ရှိတွင်ရန်ပုံငွေပေါင်း ၆သိန်းကျော်ခန့် ရှိပါသည်။၎င်းရန်ပုံငွေကို အတိုးနှုန်း ၃ရာခိုင်နှုန်းဖြင့် ထုတ်ချေးကြပြီး ရရှိလာသော အတိုးငွေများကို စာကြည့်တိုက်အတွက် လိုအပ်သည့်နေရာတွင်အသုံးပြုခဲ့ကြပါသည်။ စာကြည့် တိုက်မှူးအား တစ်လလျှင် ၅သောင်းကျပ်ဖြင့် ခန့်ထားပါသည်။ စာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်ကို မြို့နယ်ပြန်ဆက်ဦးစီးငှာန၊ ခြေလျှင်တပ်ရင်း၄၄ နှင့် ရန်ကုန် ပညာရေး ဖောင်ဒေးရှင်းမှ အလှူရရှိခဲ့ပါသည်။ ကော်မတီရန်ပုံငွေနှင့်လည်း ဝယ်ယူခဲ့ရာ လက်ရှိတွင် စာအုပ်ပေါင်း ၁၀၀၀ ခန့်ရှိပါသည်။ စာအုပ်ငှားရမ်းခကို တစ်အုပ်လျှင် ၅၀ကျပ်သတ်မှတ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲ သော ဧတန်းကျောင်းသူတစ်ဦးကို ၁သောင်းကျပ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၁၀တန်း အောင်မြင်သူ (၃)ဦးအား တစ်ဦးလျှင်(၁၀၀၀၀)ကျပ် ဆုချခြင်း အစီအစဉ် များ ပြုလုပ်ခဲ့ပါသည်။

စပါးဘဏ်

စပါးဘဏ်အား ၂၀၀၅ခုနှစ်တွင် ယူအင်ဒီပီ၏အကူအညီဖြင့် ဆင်းရဲသားမိသားစုများ ဝင်ငွေရှာပါး ပြီးဝမ်းစာအခက်အခဲဖြစ်သော မိုးတွင်းကာလတွင် ဝမ်းစာဖူလုံနိုင်ရန် အတွက် စတင်ဖွဲ့စည်းခဲ့ ပါသည်။ ကော်မတီတွင် ကျား (၁၉) ဦး၊ မ (၁၉) ဦး၊ စုစုပေါင်း (၃၈) ဦးထိရှိပါသည်။ အဖွဲ့၏ ဖွဲ့စည်းပုံမှာ သော့ကိုင်၊ သေတ္တာကိုင်၊ အတွင်းရေးမှူး၊ စာရင်းကိုင်နှင့် အဖွဲ့ဝင်တို့ပါဝင်ပါသည်။ အဖွဲ့စတင်လည်ပတ်ရန် စပါးဝယ်ယူရန်ငွေကျပ် (၄) သိန်းနှင့် စပါးကျီအမိုးမိုးရန်အတွက် (၆၅၀၀၀) အားပံ့ပိုးပေးခဲ့ပါသည်။ စပါးဘဏ်အဖွဲ့ဝင်များမှ စပါးပေါ်ချိန်၊ ဈေးသက်သာသောအချိန်များတွင် စပါးများကိုဝယ်ယူကာ စပါးဘဏ်၌သိုလှောင်ထားကြပါသည်။ မိုးတွင်းရိက္ခာရှားပါးသည့် ကာလ ဖြစ်သော ကဆုန်၊ နယုန်၊ ဝါဆိုလများတွင် စပါးဘဏ်မှ တစ်အိမ်ထောင်လျှင် (၁၀)တင်းနှုန်း၊

တစ်တင်းလျင် (၂)ပြည်တိုးဖြင့် ထုတ်ချေးပေးကာ ဝင်ငွေရသော သီတင်းကျွတ်ကာလတွင် တိုး/အရင်း ပြန်လည်ပေးဆပ်သည့်စနစ်ဖြင့် စတင်ထုတ်ချေးခဲ့ပါသည်။ UNDP မှလည်း တိုးလာသည့် အိမ်ထောင်စုများအတွက် ငွေကျပ် (၃) သိန်းထပ်မံပံ့ပိုးပေးခဲ့ပါသည်။ ချေးယူထားသောဆန်များအား ငွေသားဖြင့်တွက်ချက်၍ လစဉ်အရစ်ကျဖြင့် တစ်အိမ်ထောင်လျှင် (၅၀၀၀/၆၀၀၀)ကျပ် ပြန်လည်ပေးဆပ်ကြပြီး ၆လပြည့်လျှင် အတိုး(၃)ကျပ်နှုန်းဖြင့် ကျန်ရှိသောအရင်းနှင့်ပေါင်းကာ ပြန်လည်ပေးဆပ်ကြပါသည်။

ကိုယ့်အားကိုယ်ကိုးအဖွဲ့

ကျေးရွာကိုယ်ထူကိုယ်ထအဖွဲ့တွင် အဖွဲ့ (၅) ဖွဲ့ရှိသည်။ ၎င်းတို့မှာ - (၁) စိန်ပင့်ကူ၊ (၂) စန္ဒကူး၊ (၃) ရွှေနှင်းဆီ၊ (၄) ငွေသွန်းပုံ နှင့် (၅) ပြည့်စုံအောင် တို့ဖြစ်ကြသည်။ ယင်းအဖွဲ့ (၄) ဖွဲ့တွင် စိန်ပင့်ကူနှင့် စန္ဒကူးအဖွဲ့ (၂)ဖွဲ့သည် သမဝါယမဦးစီးဌာနတွင် စာရင်းသွင်းမှတ်ပုံတင်ပြီး ဖြစ်ပါသည်။ ကျန် (၃) ဖွဲ့သည် ယင်းအဖွဲ့ (၂) ဖွဲ့၏ ပုံစံကိုယူ၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။

စိန်ပင့်ကူနှင့် စန္ဒကူးအဖွဲ့ (၂) ဖွဲ့သည် ၂၀၁၆ ခုနှစ်တွင် UNDP ၏ အကူအညီဖြင့် စတင်ဖွဲ့စည်းထားပါသည်။ အဖွဲ့တစ်ဖွဲ့လျင် ကိုယ်စားလှယ်၊ သေ့ကိုင်၊ သေတ္တာကိုင်၊ စာရင်းကိုင်၊ အရံစာရင်းကိုင်နှင့် အဖွဲ့ဝင်တို့ဖြင့်ဖွဲ့စည်းထားရှိပါသည်။ UNDPမှ စာရင်းကိုင်သင်တန်း၊ သဘောတရားရေးရာသင်တန်းများ၊ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သဘောတရားသင်တန်းများအား ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ အဖွဲ့စတင်တည်ထောင်စဉ်က အဖွဲ့တစ်ဖွဲ့တစ်အိမ်ထောင်လျင် (၅၀)၊ (၁၀၀) မှ စတင်ငွေစုခဲ့သော်လည်း ယခုအခါ (၅၀၀)၊ (၁၀၀၀) သို့ရောက်ရှိနေပြီဖြစ်သည်။ အဖွဲ့ရန်ပုံငွေမှာ စိန်ပင့်ကူအဖွဲ့တွင် (၅၇) သိန်းကျော်၊ စန္ဒကူးအဖွဲ့တွင် (၅၁) သိန်းကျော်ရှိနေပြီဖြစ်သည်။ ထို့ပြင် အဖွဲ့ (၂) ဖွဲ့စလုံးသည် အတိုးနှုန်း (၃) ကျပ်၊ အပေါင်ခံပစ္စည်းမလို၊ (၇) ရက်တစ်ပတ်တွင် အရစ်ကျဖြင့် ဆပ်ကြသည်။ ၂၀၁၃ ခုနှစ်တွင် UNDP စီမံကိန်းထွက်သွားသော်လည်း စနစ်တကျလည်ပတ်လျက်ရှိပါသည်။ ယခုဆိုလျင် ၎င်းအဖွဲ့ (၂) ဖွဲ့မှ ဘုန်းကြီးကျောင်းမုဒိဝလှူဒါန်းခြင်း၊ ကျေးရွာလမ်းပြုပြင်ခြင်း၊ ကျေးရွာတွင်း အလှူများ တွင် ထည့်ဝင်ခြင်းများပြုလုပ်ကြပါသည်။ တစ်နှစ်ပြည့်လျင် အမြတ်များအား ခွဲယူကြပါသည်။ ထူးခြားချက်မှာ - အဖွဲ့ဝင်အချင်းချင်းငွေချေးယူလျင် အတိုး (၃) ကျပ်နှုန်း၊ အပေါင်ခံပစ္စည်းမလိုဘဲ ငွေကျပ် (၅) သိန်းမှ (၁၀) သိန်းအထိ ချေးယူနိုင်သော်လည်း အဖွဲ့ဝင်မဟုတ်ပါကအတိုးနှုန်း (၅) ကျပ်၊ အပေါင်ခံပစ္စည်းမလို၊ ငွေကျပ် (၁) သိန်းထိသာပင်ချေးယူ၍ရခြင်းပင်ဖြစ်သည်။ တစ်ပတ် (၇) ရက်တွင် အရစ်ကျဖြင့် ပြန်လည်ပေးဆပ်ကြရပါသည်။ အဖွဲ့ (၂) လုံး၏ တစ်ပတ်စာရင်းချုပ်၊ တစ်လစာရင်း ချုပ်၊ တစ်နှစ်စာရင်းချုပ်တို့အား နယ်မြေသို့လည်းကောင်း၊ နယ်မြေမှတစ်ဆင့် မြို့နယ်သမဝါယမ ဦးစီးဌာနသို့လည်းကောင်းတင်ပြကြပါသည်။

ကျေးရွာသမဝါယမအသင်း (စိန်ရတနာ)

၂၀၁၃ ဖေဖော်ဝါရီလတွင် ယူအင်ဒီပီမှ ဦးဆောင်မှုဖြင့် ကျေးရွာရှိ အသက်မွေးဝမ်းကျောင်း အဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့စည်းများအား မြို့နယ်သမဝါယမအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ ၂၀၁၃ မေလတွင် မြို့နယ်သမဝါယမဦးဆောင်မှုဖြင့် စိန်ရတနာကျေးရွာသမဝါယမအဖွဲ့ကို အဖွဲ့ဝင်(၃၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး တစ်ဦးလျှင်စုဆောင်းငွေ (၅၀၀၀)ကျပ် စီ ထည့်ဝင်ခဲ့ပါသည်။ ယခု၂၀၁၅ခုနှစ် ဇွန်လတွင် ပထမဆုံးအကြိမ် (၃၇)သိန်းအား ချေးငွေပံ့ပိုးပေးခဲ့ပါသည်။ ၎င်းအတွက် ကော်မတီခေါင်းဆောင် (၅)ဦးအပါအဝင် (၃၇)ဦးအား

တစ်ဦးလျှင် (၁၀၀၀၀၀)ကျပ်နှုန်းဖြင့်ထုတ်ချေးခဲ့ပါသည်။ မည်သည့်လုပ်ငန်းအတွက်မဆို ထုတ်ချေး၍ရပြီး ချေးငွေကာလမှာ(၆လ)ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ် လျှင် ၁.၁၅ကျပ်တိုးဖြစ်ပြီး မြို့နယ်သမဝါယမသို့ ၁ကျပ်တိုး ပြန်သွင်းရကာ အဖွဲ့ထဲတွင်၀.၁၅ကျပ်တိုး ကျန်ရှိခဲ့မည်ဖြစ်ပါသည်။ အဖွဲ့ငယ်(၁၀)ဦးတစ်ဖွဲ့ဖွဲ့ရပြီး အချင်းချင်းပြန်လည် အာမခံရသည့်စနစ်ကို ကျင့်သုံးကြပါသည်။ မြေယာမဲ့ဆင်းရဲသားများအတွက် အရင်းအနှီးပြုလုပ်ရန် အားထားရသော နေရာတစ်ခုဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းကော်မတီ

၂၀၀၅ ဧပြီလတွင် UNDP/CDRT စီမံကိန်းသည် စိုက်ပျိုး/မွေးမြူရေးလုပ်ဆောင်နိုင်ရန် သိန်း(၂၀)ကျော်အား ဆင်းရဲသားမိသားစု(၄၀)စုအား လည်ပတ်ရန်ပုံငွေအဖြစ် ပံ့ပိုးပေးခဲ့ပါသည်။ ကော်မတီသည် စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများအား အတိုး ၂% ဖြင့် ထုတ်ချေးပေးခဲ့ကြပါသည်။ လစဉ်အတိုးပြန်သွင်းကြပြီး အရင်းငွေအား စိုက်ပျိုးရေးသမားများမှ ဖြတ်ဖြင့်အပြီးပြန်ဆပ်ကာ မွေးမြူရေးသမားများမှာ ၁၀လဖြင့်အပြီးပြန်လည်ပေးဆပ်ကြပါသည်။ ၂၀၀၈ခုနှစ်တွင် ဝင်ငွေရသောမည်သည့် အသက်မွေးဝမ်းကြောင်းမဆိုထုတ်ချေးနိုင်ရန်နှင့် အလွယ်တကူပြန်လည်ပေးဆပ်နိုင်ရန်အတွက်ရည်ရွယ်ကာ ၂၀၁၂ခုနှစ်တွင် ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပူးပေါင်းကာ အသက်မွေးဝမ်းကျောင်းကော်မတီအား အသစ်ထပ်မံဖွဲ့စည်းခဲ့ကြပြီး လည်ပတ်ရန်ပုံငွေ ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက်လည်း စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရေးဆွဲခြင်း တို့ပြုလုပ်ခဲ့ကြပါသည်။ ချေးငွေကာလအား အများဆုံး၁၀လသတ်မှတ်ကာ အတိုးနှင့် အရင်းအားလစဉ်အရစ်ကျ ပြန်လည်ပေးဆပ်မှုစနစ်ဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ကြပါသည်။ အဖွဲ့ဝင်များ လစဉ် ပုံမှန်အစည်းအဝေးပြုလုပ်၍ အတိုး/အရင်းပြန်လည်ပေးဆပ်နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ငွေကြေးဖောင်းပွမှုနှင့် အသုံးစရိတ်ပေါ် မူတည်ပြီး အတိုးနှုန်းအား ၃% ထိတိုးမြှင့်ခဲ့ပါသည်။ ရရှိသောအတိုးများမှ ၁%အား ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြပါသည်။ အဖွဲ့ဝင်(၄၈)ဦးနှင့် လည်ပတ်ရန်ပုံငွေမှာ (၃၂)သိန်းကျော်ရှိပြီး အဖွဲ့ဝင်တစ်ဦးလျှင် အနည်းဆုံး(၃၀၀၀၀)မှ အများဆုံး(၁၀၀၀၀၀)ထိထုတ်ချေးနိုင်ခဲ့ပြီး လမ်းပြင်ခြင်း၊ စာကြည့် တိုက်ဆောက်လုပ်ခြင်း၊ ကျောင်းဆရာမငှါးခြင်း၊ အဖိုး/ဖွားများ ပံ့ပိုးပေးခြင်း စသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။

လက်ရှိအသက်မွေးဝမ်းကျောင်းကော်မတီအား (ကျား ၂၊ မ ၃)ပေါင်း(၅)ဦးဖြင့် ဖွဲ့စည်းထားပြီး နှစ်စဉ်ကော်မတီအား ပြန်လည်ရွေးချယ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရေးဆွဲခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ဆောင်နိုင်ရန်အတွက်ဆွေးနွေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ထို့ပြင်မြို့နယ်ဦးဆောင်အဖွဲ့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး လစဉ်ဦးဆောင်အစည်းအဝေးသို့ တတ်ရောက်ကာ မိမိတို့ကျေးရွာနှင့်ပက်သက်သော သတင်းအချက်လက်များဖလှယ်ခြင်း၊ အခက်ခဲ/ ပြဿနာများအား တင်ပြခြင်းနှင့် အကြံဉာဏ်များရယူခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကျေးရွာသို့လည်းလစဉ် ပြန်လည် မျှဝေဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြပါသည်။ အဖွဲ့အစည်းများ၏ စွမ်းရည်တိုးတတ်လာစေရန်နှင့် စီမံခန့်ခွဲဆောင်ရွက်တတ်စေရန် နည်ပေးခြင်း၊ ကျေးရွာသူ/သားများ၏ စည်းရုံးညီညွတ်မှု၊ အဖွဲ့အပေါ် သက်ဝင်ယုံကြည်မှုရှိခြင်းစသည့်အချက်များသည် အဖွဲ့ရေရှည် တည့်တံ့စေမည် ဖြစ်ပါသည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	PSI (Population Service Internati onal) ပြည်သူကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့အစည်း	၂	၂၀၀၉ ခုနှစ်မှ ယနေ့တိုင်ကျေးရွာ၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အဓိကအားဖြင့် ဌက်ဖျား၊တီဘီ၊ နမိုးနီးယား၊ ဝမ်းပျက်ဝမ်းလျောရောဂါ တိုက်ဖျက်ရေးနှင့် သားဆက်ခြားလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။
၂	Nippon Foundat ion Clinic နိပွန် ဖောင်ဒေးရှင် နယ်လှည့် ဆေးကုသရေး အသင်း	၂	မစ်ဆူဘီရှီ ကုမ္ပဏီ၏ ရန်ပုံငွေပံ့ပိုးမှု ဖြင့် ပုဂ္ဂလိကကဏ္ဍ၏ လူမှုရေးတာဝန်ဝတ္တရားများကို လုပ်ဆောင် ခဲ့ပါသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ၃လတစ် ကြိမ် ကျန်းမာရေးပညာ ပေးခြင်း၊ အခမဲ့ဆေးကုသ ပေးခြင်း များကို ဆောင်ရွက်ခဲ့ပါသည်။ မျက်စိ ရောဂါသည် (၆)ဦးခန့်ကို ဘုရားသုံးဆူဆေးခန်း၌ ခွဲစိတ်ကုသ ပေးခဲ့ပါသည်။
၃	Unicef ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့	၄	၂၀၁၅ခုနှစ် ဧပြီလတွင် ကျေးရွာတွင်းကွင်းဆင်းလေ့လာပြီး စာသင်ကျောင်းတွင် လိုအပ်သော ၂ခန်းတွဲ အိမ်သာအတွက် ပံ့ပိုးပေးခဲ့ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (ရက်၊ လ၊ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှ ဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၁	၂၄%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၅၀	၅၈%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၁၀	၁၂%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၅	၆%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	--	-	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၈၆**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ .....

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဇရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်	ရေသောက်ကော	ရရှိနိုင်မှု

		ပုဂ္ဂလိက		(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	လက်ငင် ရေတွင်း	၆၆		၆၄ တွင်းမှာ တစ်နှစ်ပတ်လုံး ရေရရှိ ပြီး ကျန်(၂)တွင်းမှာ ယခုနှစ်တွင် နွေရာသီ၌ ရေခမ်းခြောက်ခဲ့ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ကွမ်း	၁၂.၆	ပိဿ	၄၄	၂၄၀	၁၄၂	ကဆုန်-တန်ခူး	လတ်	နိမ့်	တစ်ဧကလျှင်တိုင် ၄၀၀၀
တောင်ထန်း	၂၀	ပစ် (ချပ်)	၃၅၀၀	၅၀၀၀	၄၂၅၀	ဇွန်၊ ဇူလိုင်	နိမ့်	မြင့်	
ရော်ဘာ	၃၁					ဇွန်၊ ဇူလိုင်			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရွာသူရွာသားများသည် ကွမ်းကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် အထိ စိုက်ပျိုးကြပါသည်။ ရောဂါပိုးမွှားကင်းရှင်းပြီး: ဈေးနှုန်းကောင်းမွန်ပါက ဆင်းရဲသား အိမ်ထောင်စုများ သည် ၁၅/၂၀ရက်တစ်ကြိမ် ငွေကြေးသုံးစွဲရန် အခွင့်အလမ်း ရရှိလာပါသည်။

တောင်ထန်းပင်များမှာ နှစ်ရှည်သီးနှံဖြစ်ပြီး သီတင်းကျွတ်လတွင် ရွာသူရွာသားများသည် တောင်ထန်းရွက်များကိုခုတ်၍ တောင်ထန်းပစ်ကြပါသည်။ တောင်ထန်းပင်မှထွက်သော အလက်ရိုးများအား ဝါးကုလား ထိုင်ကြမ်းခင်း နှင့် ထန်းကြောဖျာများပြုလုပ်နိုင်ပါသည်။ အခြားဒေသများမှ ယင်းတောင်ထန်းရိုးများကိုလာရောက် ဝယ်ယူကြ ပါသည်။

ကျေးရွာတွင် ရော်ဘာစိုက်ပျိုးရေးကို လုပ်ကိုင်လာကြပါသည်။ ရော်ဘာစိုက်ပျိုးရေးသည် ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံတစ်ခုဖြစ်ပါသည်။ ရော်ဘာစေ့များကို ပျိုးထောင်၍ အရိုင်းပင်များကို စိုက်ပျိုးကြပါသည်။ ရော်ဘာထွက်ရှိသူ အနည်းငယ်သာ ရှိပါသည်။ ယခုအခါ ရော်ဘာစျေးနှုန်းကျဆင်းမှုကြောင့် လုပ်အားခ နှင့် ဝင်ငွေမညီမျှသည့်အတွက် တချို့ခြံများတွင် ရော်ဘာစေးခြစ်သည့်အလုပ်များကို ရပ်နားထားကြပါသည်။ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်း၊ အရည်အသွေးမီသော ရော်ဘာပြားများထုတ်လုပ်ခြင်း၊ ဈေးကွက်တည်ငြိမ်အောင် ဆောင်ရွက်ပေးခြင်း အားဖြင့် ရော်ဘာထုတ်လုပ်မှုပိုမိုကောင်းမွန်လာပြီး ဝင်ငွေပိုမိုရရှိလာမည် ဖြစ်ပါသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ရေစုပ်စက်	၂၆		ကွမ်းခြံရေသွင်းမှုအတွက် အများဆုံးအသုံးပြု
မြက်ရိတ်စက်	၈		ရော်ဘာခြံပိုင်ရှင်များသာ ပိုင်ဆိုင်ကြပြီး ခြံရှင်းသောအခါအသုံးပြုပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကွမ်းစိုက်တောင်သူများသည် ရေစုပ်စက်များကို တနာရီလျှင် ၂၅၀၀ကျပ် (ကိုယ့်ဆီကိုယ်ထည့်)ဖြင့်ငှားရမ်း၍သုံးစွဲကြရပါသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရှိနိုင်မှု၊ြေြေဆီ၊သြဇာ)	မရှိ	တိုးချဲ့စိုက်ပျိုးရန်မြေမရှိပါ။
ရေအရင်းအမြစ်	ရှိ	တနှစ်ပတ်လည်လုံးတွင်းရေရရှိပါသည်။
